**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ကုန်သွယ်ရေးဦးစီးဌာန**

**ပို့ကုန်၊ သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ**

**သတင်းလွှာ( ၁၁ /၂၀၂၁)**

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်

အကြောင်းအရာ။ **ပြည်တွင်းသို့ ပြန်လည်တင်သွင်းမည့်ကုန်စည်များအပေါ် သွင်းကုန်လိုင်စင် လျှောက်ထားခြင်းမှ ယာယီဖြေလျှော့ပေးခြင်းကိစ္စ ထုတ်ပြန်ခြင်း**

၁။ နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် ကုန်သွယ်ရေးဇုန်များမှ ကုန်သွယ်မှုဆောင်ရွက်လျက်ရှိရာတွင် ၈.၇.၂၀၂၁ ရက်နေ့ ၁၃:၀၀ နာရီမှ စတင်၍ တရုတ်နယ်စပ်ဒေသ(မူဆယ်၊ ချင်းရွှေဟော်၊ လွယ်ဂျယ်)ရှိ ကုန်သွယ်မှုလုပ်ငန်းများအား တရုတ်နိုင်ငံဘက်မှ COVID-19 ရောဂါအခြေအနေကြောင့် ယာယီရပ်ဆိုင်းထားရှိပါသည်။

၂။ ယင်းရပ်ဆိုင်းခြင်းမပြုမီကာလအတွင်း သက်ဆိုင်ရာကုန်သွယ်ရေးဇုန်/ကုန်သွယ်ရေးစခန်းများမှ ကုန်ပစ္စည်းတင်ပို့ခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်ခဲ့ပြီးဖြစ်သော်လည်း တရုတ်နိုင်ငံအတွင်းသို့ ဝင်ရောက်ခြင်းမပြုနိုင်သေးသည့် တင်ပို့ရန်ကျန်ကုန်စည်များကို ပြည်တွင်းသို့ ပြန်လည်သယ်ဆောင်နိုင်ရန်အတွက် အဆိုပါကုန်ပစ္စည်းများအနက် သွင်းကုန်လိုင်စင်လျှောက်ထားရန်လိုအပ်သော ကုန်စည်လိုင်းများကို သွင်းကုန်လိုင်စင်လျှောက်ထားရယူရန် မလိုအပ်ဘဲ ပြန်လည်သယ်ဆောင်ခွင့်ပြုကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**